**EarthRights ကျောင်းသားဟောင်းများအားလုံးကို ဖိတ်ခေါ်ခြင်း!**

*EarthRights ကျောင်းသားဟောင်းများအားလုံးကို ကျွန်ုပ်တို့ကွန်ယက် သို့ ဝင်ရောက်ရန် ဖိတ်ခေါ်ပါသည်။*

## နောက်ခံသမိုင်းကြောင်း

၁၉၉၉ ခုနှစ်မှစတင်ခဲ့သော အပြည်ပြည်ဆိုင်ရာ EarthRights ပရိုဂရမ်၏ အမျိုးမျိုးသော သင်တန်းများမှ ကျောင်းသားပေါင်း ၆၀၀ ကျော်သင်တန်းတက်ရောက် အောင်မြင်ခဲ့ပြီးဖြစ်သည်။

ထိုသင်တန်းများတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံရှိ မြန်မာ နှင့် မဲခေါင် EarthRights ကျောင်းများ၊ Mekong Legal Advocacy Institute (MLAI)၊ Bertha Legal Fellowship၊ Health and EarthRights (HEARTH) သင်တန်း၊ ထိုင်း – လာအို ဖလှယ်ရေး၊ နှင့် ဥတုရာသီပြောင်းလဲမှုအပေါ် တရားမျှတမှု သင်တန်းတိုများ ပါဝင်သည်။ ကျွန်ုပ်တို့၏ ကျောင်းသားဟောင်းများသည် မဲခေါင်ဒေသတစ်ဝှမ်းရှိ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်နိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ နှင့် ဗီယက်နမ် နိုင်ငံတို့မှ ဖြစ်သည်။

ယနေ့အချိန်တွင်၊ EarthRights ကျောင်းသားဟောင်းများသည် EarthRights၏ ထူးခြားလှသော သင်တန်းများမှ ဝေမျှခဲ့သော၊ ဖွံ့ဖြိုးတိုးတက်ခဲ့လာသော စွမ်းရည်များ၊ စိတ်ကူးများ နှင့် ပူးတွဲဆောင်ရွက်မှုများ ကိုထပ်ဆင့်မြှင့်တင်ပြီး မဲခေါင်ဒေသ တစ်လျှောက် သူတို့၏ ဇာတိ လူမှုအသိုင်းအဝန်းများတွင် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခွင့်အရေးများအား ကာကွယ် စောင့်ကြပ်ပေးနေကြသည်။ အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအနေဖြင့်လည်း တိုးတက်ပြောင်းလဲလာကြသည်။

## ဘာကြောင့် ကျွန်ုပ်တို့မှ ကျောင်းသားဟောင်းများ ကွန်ယက်ကို စနစ်တကျ တည်ဆောက်ချင်ရသလဲ ?

ဒီမိုကရေစီ နည်းလမ်း နောက်သို့ပြန်ဆုတ်သွားခြင်း၊ လူ့အခွင့်အရေး အား ရိုသေလေးစားမှုမရှိခြင်း၊ အချုပ်အခြာအာဏာ ယိမ်းယိုင်ခြင်း၊ နှင့် ကမ္ဘာ့ကပ်ရောဂါ များကြောင့်၊ လူ့အခွင့်အရေးနှင့် သဘာဝအရင်းအမြစ်များ အတွက် တရားဝင် စည်းရုံးလှုံ့ဆော်နေကြသော EarthRights ကျောင်းသားဟောင်းများမှာ ကြီးမားသော ဘေးအန္တရာယ် နှင့် ရင်ဆိုင်နေကြရသည်။ ထို ဘေးအန္တရာယ်များတွင် မတရားဖမ်းဆီးအရေးယူထောင်ချမှု နှင့် ဥပဒေဆိုင်ရာ ဖိနှိပ်စော်ကားမှု တို့ပါ ပါဝင်ပြီး ပိုမို ဆိုးရွားလာနေသည်။

## ကျွန်ုပ်တို့၏ ရည်မှန်းချက်

EarthRights အနေဖြင့် ကျောင်းသားဟောင်းအတွက် လိုအပ်သောပြုပြင်ပြောင်းလဲမှုများပြုလုပ်နိုင်ရန်အတွက် ဗဟုသုတများ၊ စွမ်းရည်များနှင့် ထိရောက်သော နည်းကိရိယာများ ဖြင့် ပြင်ဆင်ပေးလိုပါသည်။ ကျွန်ုပ်တို့မှ ကျောင်းသားဟောင်းများအား လူမှုအသိုင်းအဝိုင်းများမှ ကြုံတွေ့နေရသော စိန်ခေါ်မှုများအပေါ် တန်ဖိုးမဖြတ်နိုင်သော ထိတွေ့မှုများ နှင့် ရှုထောင့် များ ကို ရရှိစေလိုပါသည်။

ကျွန်ုပ်တို့အနေဖြင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ တရားမျှတမှု နှင့် တာဝန်ခံမှု၊ ကမ္ဘာ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ နှင့် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှုတို့အပေါ်တွင် ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားရန်အတွက် ကတိကဝတ်ပြုလိုပါသည်။

ဤ ရည်မှန်းချက် အောင်မြင်ရေးအတွက် ကျွနု်ပ်တို့မှ သင်တို့နှင့်အတူ အဓိပ္ပါယ်ရှိသော၊ သက်ရောက်မှုရှိသော၊ ရေရှည်တည်တံ့နိုင်သော ကျောင်းသားဟောင်းများ ကွန်ယက်တစ်ခုကို ဖန်တီးတည်ဆောက်လိုပါသည်။

## ကျွန်ုပ်တို့၏ ချဉ်းကပ်ပုံနည်းလမ်း

ကျွန်ုပ်တို့မှ ကျောင်းသားဟောင်းများကွန်ယက် အား သင်တို့၏ လိုအပ်ချက်များနှင့် စိန်ခေါ်မှုများ အား ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် သင်တို့နှင့်အတူ ပူးတွဲကာ လိုအပ်ချက်များကို နားထောင်ပြီး အောက်ခြေမှအစပြုသော ပုံစံဖြင့် အဆင့်ဆင့် တည်ဆောက်သွားလိုပါသည်။ သင်မှ ကျွန်ုပ်တို့အား မည်သည့် ကြားခံမီဒီယာများက အဆက်အသွယ် မပြတ်စေရေး အတွက် အသုံးဝင်သည်ကို ပြောပြပါ။ သင်၏ လုံခြုံရေးအတွက် စိတ်ချရမှုက ပထမဦးစားပေးဖြစ်သည်။

ကျွန်ုပ်တို့မှ ကျားမ နှင့် လူမှုဆိုင်ရာ တန်းတူပါဝင်မှုတို့အား အလေးပေး ဂရုပြုသွားမည်ဖြစ်ပြီး၊ အလုံးစုံပါဝင်မှုနှင့် ပွင့်လင်းမြင်သာမှု များက ကွန်ယက်၏ ဗဟိုချက် တန်ဖိုးများဖြစ်သည်။ ကွဲပြားစုံလင်သော အဓိကအသင်းဝင် အဖွဲ့တစ်ဖွဲ့ ကို အခြေအနေအရပ်ရပ်ပေါ် လေ့လာမှတ်တမ်းတင်ရန် နှင့် နည်းပရိယာယ် ချမှတ်ခြင်းကို ဦးဆောင်ရန် အတွက် ရွေးချယ်သွားမည်။ ကျောင်းသားဟောင်းများမှ အကြံပြုချက်များအပေါ် မူတည်ပြီး၊ ထိုအသင်းဝင်များမှ ကွန်ယက်ဒီဇိုင်း တည်ဆောက်ခြင်းလုပ်ငန်းစဉ်ကို စတင်သွားမည်။

ဒီဇိုင်းတည်ဆောက်ပြီးပါက၊ ကွန်ယက်အား အတည်ပြု အပြီးသတ်ရန်အတွက် ကျောင်းသားဟောင်းများအားလုံး ကို ကျွနု်ပ်တို့မှ စုဝေးတွေ့ဆုံ သွားမည်။

## ကွန်ယက်မှ

- ကမ္ဘာ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ ကို သင်တန်းများ၊ ငွေကြေးဆိုင်ရာ နှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်များ ထောက်ပံ့ပေးသွားမည်။ ကွန်ယက်သည် သတင်းအချက်အလက် မျှဝေရန်၊ နည်းပရိယာယ်များ ဖန်တီးရန် နှင့် ပူးတွဲလုပ်ဆောင်ရန် အတွက် ကျယ်ပြန့်ပြီး အမျိုးမျိုးကွဲပြားသော ဒေသဆိုင်ရာ ကွန်ယက်ကြီး တစ်ခုဖြစ်လိမ့်မည်။

- ကျောင်းသားဟောင်းများအား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တရားမျှတမှုနှင့် တာဝန်ခံမှု၊ ကမ္ဘာ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ နှင့် စီးပွားရေးလုပ်ငန်းများ၏ တာဝန်ခံမှု များအပေါ်တွင် လှုပ်ရှားမှုများ ပြုလုပ်နိုင်ရန် နှင့် မြှင့်တင်နိုင်ရန်အတွက် အရင်းအမြစ်များ ထောက်ပံ့သွားမည်။
- EarthRights ကျောင်းသားဟောင်းများ အကြား မိမိကိုယ်မိမိ စောင့်ရှောက်နိုင်ရန်အတွက် ကိုယ်စိတ်ကျန်းမာရေး ကို မြှင့်တင်ပေးမည်။ ကျွန်ုပ်တို့၏ မိသားစု စင်တာမှ စည်းလုံး ညီညွတ်ရေးနှင့် သင်ကြားရေး ဗဟိုချက်အဖြစ် လုပ်ဆောင် သွားမည်။
- ကာကွယ်စောင့်ရှောက်သူများမှ အလုပ်များကို ဒီဂျစ်တယ် နှင့် ရုပ်ပိုင်းဆိုင်ရာ နေရာများတွင် ဘေးကင်းလုံခြုံစွာနှင့် သက်ရောက်မှုရှိစွာ လုပ်ဆောင်နိုင်ရန် အတွက် ဗဟုသုတများ၊ အရင်းအမြစ်များနှင့် အချင်းချင်း ကူညီထောက်ပံ့မှုများရရှိနိုင်ရန် ထူထောင်သွားမည်။
- မတရားဖမ်းဆီးအရေးယူထောင်ချမှု နှင့် ဥပဒေဆိုင်ရာ ဖိနှိပ်စော်ကားမှု များနှင့် စပ်လျဉ်းပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ဘေးကင်းလုံခြုံမှု၊ နှင့် လျှို့ဝှက်စည်းရုံးမှု အပေါ် ကျောင်းသားဟောင်းများ၏ လုပ်ဆောင်နိုင်စွမ်းရည်များကို တည်ဆောက်သွားမည်။
- အာဏာသိမ်းပြီးနောက်ပိုင်း တက်ကြွလှုပ်ရှားသူများအတွက် အန္တရာယ်ရှိသော ပတ်ဝန်းကျင် ဖြစ်လာမှုပေါ် အရေးပေါ်လာပါက မြန်မာနိုင်ငံရှိ ကျောင်းသားဟောင်းများ အား ကူညီထောက်ပံ့ပေးသွားမည်။

စနစ်တကျ ဖွဲ့စည်းထားသော ကွန်ယက်မှ နည်းကိရိယာများ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံသော နေရာများ၊ စိတ်ချရသော ဒီဂျစ်တယ် ကြားခံများ နှင့် အရင်းအမြစ်များ ပေးအပ်မှုများတွင် လျင်မြန်စွာ အကျိုးသက်ရောက်မှုရှိရှိ တုံ့ပြန်သွားမည်။

ရာသီဥတု ကပ်ဘေး ၏ ရှေ့တန်းတွင် ရှိနေသည့် လူမှုအသိုင်းအဝိုင်းများအား ထောက်ပံ့ရန် အတွက် ပရိယာယ်ချမှတ်ခြင်း၊ ပူးတွဲလုပ်ဆောင်ခြင်း၊ နှင့် လူထုအခြေပြု ဦးဆောင်သော သင်တန်းများ ပေးအပ်ခြင်း၊ တရားစွဲဆိုခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်း စသော ကာကွယ်စောင့်ရှောက်သူများ၏ လုပ်ဆောင်နိုင်စွမ်းရည် များကို ကွန်ယက်က ကူညီတည်ဆောက်ပေးသွားမည်။ ကွန်ယက်မှ ထိုသူတို့ လုပ်ဆောင်ချက်များ၏ သက်ရောက်မှုများ ကို ဒေသဆိုင်ရာ နှင့် ကမ္ဘာ့လုံးဆိုင်ရာ အဆင့်များတွင် ပိုမိုမြှင့်တင်စေမည်။

**အချိန်ဇယားနှင့် ပထမ ခြေလှမ်းများ**

ဤကွန်ယက်ကို တည်ဆောက်ရန်၊ သင်တို့မှ ကမ္ဘာ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုများ လုပ်ဆောင်နေမှု၊ ထိုမှတစ်ဆင့် သင့်တို့၏ ဦးစားပေးများ၊ လိုအပ်ချက်များနှင့် စိန်ခေါ်မှုများကို သိရှိနားလည်နိုင်ရန် အတွက် သင်တို့နှင့် ဆက်သွယ်လိုပါသည်။

**ချက်ချင်းလုပ်ဆောင်ရမည့် အဆင့်များအနေဖြင့်၊ ကျွန်ုပ်တို့ မှ သင်တို့အား**

- **နိုဝင်ဘာ ၂၀၂၁ :** ကျောင်းသားဟောင်းများ၏ လက်ရှိ အနေအထား (လှုပ်ရှားမှု ရှိ၊ မရှိ) နှင့် ကျောင်းသားဟောင်းများ၏ အချက်အလက်များနှင့် ကမ္ဘာ့အခွင့်အရေး ကာကွယ်လုပ်ဆောင်နေမှု တို့ကို စုပေါင်းကောက်ယူကာ တင်ပြရန်။ ထို့အပြင်၊ အဆက်အသွယ်ရှိသည့် ကျောင်းသားဟောင်းအစုအဖွဲ့အတွက် အရင်းအမြစ်နှင့် ကွန်ယက်ဗဟိုချက်တစ်ခုအဖြစ် EarthRights ကျောင်းသားဟောင်းများ ကွန်ယက် ၏ ဒီဇိုင်းနှင့် ဖွဲ့စည်းမှု အပေါ် ထောက်ပံ့ကူညီပေးသွားရန် ကျောင်းသားဟောင်းများကွန်ယက်၏ အဓိကအသင်းဝင်များ* ကို သတ်မှတ်ရန်။
- **နိုဝင်ဘာ - ဒီဇင်ဘာ ၂၀၂၁ :** ဒေသတစ်ဝှမ်းရှိ ကျောင်းသားဟောင်းများနှင့် ပြန်လည်ဆက်သွယ်ပြီး EarthRights နှင့် အတူ ပူးတွဲလုပ်ဆောင်ခြင်း၊ ထိတွေ့ဆက်ဆံခြင်း၊ ကွန်ယက်အစီအစဉ်များ၊ နှင့် မိတ်ဖွဲ့စုစည်းမှုများကို ဆွေးနွေးနိုင်ရေးအတွက် အွန်လိုင်း တွေ့ဆုံနားထောင်ခြင်း များပြုလုပ်ရန်။
- **ဇန်နဝါရီ အစောပိုင်း ၂၀၂၂ - ဇန်နဝါရီလလယ်အထိ :** သင်တို့၏ လိုအပ်ချက်များနှင့် က ကျွန်ုပ်တို့ မှ မည်သို့ ထောက်ပံ့ပေးနိုင်မည်ကို သိရှိရန်အတွက် လိုအပ်ချက် စစ်တမ်းတစ်ခု ကောက်ယူသွားရန်။ ထိုစစ်တမ်းအား လုံခြုံစိတ်ချရသော မိုဘိုင်းလ် ဆက်သွယ်ရေး ချန်နယ်လ် များ သို့မဟုတ် ဖုန်းမှတဆင့် ပြုလုပ်သွားရန်။

## ကျွန်ုပ်တို့ အား ဆက်သွယ်ရန်

အီးမေးလ် ‌: alumninetwork@earthrights.org နှင့် earthrights.alumninetwork@protonmail.com

*အဓိက အသင်းဝင်များသတ်မှတ်ရခြင်း ရည်ရွယ်ချက်မှာ အဆက်အသွယ်ရှိသည့် ကျောင်းသားဟောင်းအစုအဖွဲ့အတွက် အရင်းအမြစ်နှင့် ကွန်ယက်ဗဟိုချက်တစ်ခုအဖြစ် EarthRights ကျောင်းသားဟောင်းများ ကွန်ယက် ၏ ဒီဇိုင်းနှင့် ဖွဲ့စည်းမှု အပေါ် ထောက်ပံ့ကူညီပေးသွားရန် ဖြစ်သည်။